# နာဂအမျိုးသားပါတီ

# Naga National Party (NNP)

## ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

နာဂအမျိုးသားပါတီ (ဗဟို)

ဇက်လိန်းခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၀၁၉ ခုနှစ်။

# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်လျှက် လွတ်လပ်မှု၊ တရားမျှတမှု၊ သာတူညီမျှမှု၊ စသည့် တန်ဘိုးများအားအခြေခံလျှက် ဖွဲ့စည်းတည်ထောင်ထားသည့်၊ အစဉ်အလာကြီးမားသော နိုင်ငံတော်ကြီးပင်ဖြစ်ပါသည်။ ယခုအခါ၊ နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံလျှက် ရွေးကောက်ပွဲများ မှ တဆင့်လူထုကရွေးချယ်တင်မြှောက်သော လူထုအစိုးရကိုဖွဲ့စည်းကာ နိုင်ငံ၏ကောင်း ကျိုးလုံးစုံတို့ကို ထမ်းရွက်နိုင်ရန်အားသွန်ခွန်စိုက်ကျိုးပမ်းနေသော ကာလလည်းဖြစ် ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ၊ နိုင်ငံရေးပါတီများဖွဲ့စည်း တည်ထောင် ခွင့်တို့အား လည်းကောင်း၊ အမျိုးသားရင်ကြားစေ့ရေးအတွက် ပြည်ထောင်စု အဆင့်ငြိမ်းချမ်း ရေး ညီလာခံများကျင်းပနေခြင်း၊ တို့ဖြင့် နိုင်ငံတော်အား ငြိမ်းချမ်း၍ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက် လှမ်းလျှက်ရှိသည်ကိုတွေ့ရပါသည်။

ဤကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်အောက်တွင် နိုင်ငံရေးပါတီများအားလွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်ကို တရားဝင်ခွင့်ပြုထားပြီဖြစ်သော်လည်း၊ ဒေသနှင့်လူမျိုးကို ကိုယ်စားပြု လျှက်ဒေသခံပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးကို အမျိုးသားရေးစိတ်စေ တနာမှန်ကန်စွာဖြင့် ထမ်းရွက်သယ်ပိုးကြမည့် အမျိုးသားနိုင်ငံရေး ပါတီကြီးများပေါ်ထွန်း လာရန်မှာ အလွန်အရေးကြီးလှပေသည်။ ထိုကဲ့သို့ပေါ်ထွန်းလာသော ဒေသနှင့်လူ မျိုးကိုယ်စားပြု အမျိုးသားပါတီကြီးများမှတဆင့်၊ ပြည်သူတို့၏အကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်သယ် ပိုးကြမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင်များ ပေါ်ပေါက်ရန် လိုအပ်လှသည်။ သို့မှသာ ဒီမိုကရေစီ၏တန်ဘိုးများဖြစ်သော တရားမျှတမှု၊ သာတူညီ မျှရှိမှုနှင့် နိုင်ငံသားတို့၏အခြေခံရပိုင်ခွင့်တို့အတွက် ဥပဒေနည်းလမ်းများနှင့်အညီ ထမ်းရွက်နိုင်မည်ဖြစ်သည်။ နာဂအမျိုး နာဂအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Naga National Party) သည် ထိုသို့သော ယုံကြည်ချက်၊ ရည်မှန်းချက်တို့ဖြင့် ဖွဲ့စည်း တည်ထောင် ထားသော ခွဲခြားဆက်ဆံမှုကင်းသော နာဂလူထုကိုယ်စားပြု အမျိုးသားပါတီ ကြီးပင်ဖြစ်သော ကြောင့်၊ နိုင်ငံတော်နှင့်နာဂဒေသအကျိုးအတွက် မိမိတို့ပါတီနှင့်အတူ လက်တွဲ ထမ်းရွက် မည်ဆိုပါက၊ ဒေသအတွင်းရှိနာဂ လူမျိုးနှင့် ပြည်သူတစ်ရပ်လုံးသည် မိမိတို့ ၏ဘဝပန်းတိုင် မျှော်မှန်းချက်များသို့ရောက်ရှိမည်သာမက၊ နိုင်ငံတော်ကြီးသည်လည်း၊ အစဉ်ငြိမ်းချမ်းလျှက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပန်းတိုင်ကြီးသို့ အောင်မြင်စွာရောက်ရှိနိုင် တော့မည်ဖြစ် ပါသည်။

# အခန်း (၁)

## အမည်၊ အလံနှင့်ပါတီတံဆိပ်

**၁။ (က)ပါတီအမည်**

ပါတီ၏ အမည်ကို **နာဂအမျိုးသားပါတီ** (Naga National Party)(NNP)ဟုခေါ်တွင်စေရမည်။

**(ခ) ပါတီအလံ**



နာဂအမျိုးသားပါတီ၏ အလံသည် စတုဂံပုံသဏ္ဌာန်ရှိ၍ အနီရောင် အောက်ခံ၏ အလယ်ဗဟိုတွင် အဖြူရောင်စက်ဝိုင်းပုံသဏ္ဌာန်ပါရှိပြီး ယင်းအဖြူရောင် စက်ဝိုင်းအတွင်းတွင် နာဂရိုးရာဦးထုပ်၊ အောင်းလှံနှစ်ချောင်းကြက်ခြေခတ်ပုံနှင့် ရွှေဝါရောင်ခြောက်ထောင့်ကြယ်ပုံတို့ပါရှိသည်။

အလံ၏ **နောက်ခံအနီရောင်**သည် ပါတီ၏ ရဲရင့်တည်ကြည်ခြင်းကို ကိုယ်စားပြုရန်ဖြစ်ပြီး၊ အလယ်ဗဟိုရှိ **အဖြူရောင်စက်ဝိုင်း** ပုံမှာ သန့်ရှင်းဖြူစင်သည့် ပါတီ၏ ရှင်သန်ခြင်းကို ရည်ညွှန်းထားသည်။ **ရိုးရာဦးထုပ်နှင့် အောင်လှံနှစ်ချောင်းကြက်ခြေခတ်**တို့မှာမူ နာဂလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမှတ်သင်္ကေတတို့အား ရည်ညွှန်းထားခြင်း ဖြစ်ပြီး၊ အဝါရောင်ခြောက်ထောင့်ကြယ်မှာ ထွန်းလင်းတောက်ပခြင်း၊ ရွှေ့ဆောင်လမ်းပြဖြစ်ခြင်း၊ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ကိုယ်စားပြုသည်

(ဂ) ပါတီတံဆိပ်

Naga National Party
နာဂအမျိုးသားပါတီ

ပါတီ၏ အမှတ်တံဆိပ်မှာ စတုဂံပုံသဏ္ဍာန်အောက်ခံအနီရောင်ပေါ် တွင် အဖြူရောင် စက်ဝိုင်းပုံပါရပြီး ရိုးရာဦးထုပ်နှင့်အောင်းလှံနှစ်ချောင်းကြက်ခြေခတ်၊ ကြယ်ဝါတစ်လုံးတို့ပါရှိ ပြီး အောက်ခြေတွင် **"Naga National Party နာဂအမျိုးသားပါတီ"** စာသားပါ အမှတ်တံ ဆိပ်ကို အသုံးပြု ထားသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စစ်မှန်သော ဒီမိုကရေစီစနစ်နှင့် တန်ဘိုးများ ထွန်းကားပြီး၊ လူသားမျိုးနွယ်စုတစ်ခုခြင်းစီ၏ တန်ဘိုးများနှင့် နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေး များအားအကာအကွယ်ပြုသည့် စစ်မှန်ပြည့်ဝသောဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ တက်လှမ်းရာတွင် နာဂဒေသရှိလူထုတစ်ရပ်လုံးနှင့်အတူလက်တွဲကာ ငြိမ်းချမ်းသောနည်းလမ်းများဖြင့်ကြိုးပမ်းဆောင် ရွက်သွားရန်။

(ခ) နာဂလူမျိုးများနှင့်နာဂဒေသရှိပြည်သူတစ်ရပ်လုံးအားကိုယ်စားပြုလျှက် ဒေသခံတို့၏ အခြေခံရပိုင်ခွင့်နှင့်တန်းတူ ညီမျှမှုတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျှက် ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဃ) နာဂလူမျိုးများနှင့်နာဂဒေသရှိပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ပညာ ရေး၊ လူမှုရေး စသည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စအဝဝတို့အတွက် ဒေသနှင့်ဆီ လျော်မည့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်။

(င) နာဂလူမျိုးများနှင့်နာဂဒေသရှိပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်ခြင်းနှင့်ဒီမိုကရေစီ တန်ဘိုးများအား ပြည့်ဝစွာခံစားရရှိခြင်း၊ လူ့တန်ဘိုးနှင့်အခွင့်အရေးများအားရရှိပိုင်ဆိုင် လျှက် ဂုဏ်သိက္ခာရှိစွာ ရှင်သန်ခြင်းတို့ကို ကိုယ်တိုင်တွေ့ကြုံခံစားလျှက်၊ မိမိတို့၏ အခြား သောပြည်ထောင်စုသား သွေးချင်းတို့၏ဘဝနှင့်တန်ဘိုးတို့ကိုနားလည် သဘော ပေါက်ကာ ငြိမ်းချမ်းခေတ်မီသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်လှမ်းနိုင်ရေး အတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း (၃)
## မူဝါဒ

### ၃။ (က) နိုင်ငံရေးမူဝါဒ

၁။ နာဂအမျိုးသားပါတီသည် လူမှုအခြေပြု လွတ် လပ်ခွင့်မူဝါဒ (Social Liberalism) အားယုံကြည်သည်။ ၄င်းနိုင်ငံရေးမူဝါဒအရ နိုင်ငံ သားတစ်ဦး တစ်ယောက် ချင်းစီ၏ အခြေခံအခွင့်အရေးများ၊ တန်းတူညီမျှမှုနှင့် လွတ်လပ် စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် တွေးခေါ် ပြောဆိုခွင့် တို့ကိုလေးစားပြီး၊ စီးပွားရေးတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း များကို အားပေး သကဲ့သို့၊ နိုင်ငံ သားတစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများနှင့် အခြေခံ ရပိုင်ခွင့်များ တို့ကို ကာကွယ် စောင့်ရှောက်ပေးသည့် နိုင်ငံရေးစနစ်ကိုကိုယ်စားပြု သည်။

၂။ နာဂအမျိုးသား ပါတီသည် နိုင်ငံတော်မှကျင့်သုံး သော ပါတီစုံ ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံ၍ ဒီမိုကရေစီတန်ဘိုးနှင့် စံနှုန်း များတို့ကိုလေး စား တန်ဘိုးထား သည်နှင့်အညီ နာဂဒေသနှင့်နာဂလူမျိုးများနေထိုင် ရာအ ရပ်ဒေသအသီးသီးရှိ ရွေးကောက် ပွဲဝင် အခြားသောနိုင်ငံရေးပါတီများတို့အား မိမိတို့ပါ တီကြီး၏ နိုင်ငံရေးလုပ် ဖော်ဆောင်ဖက် ပါတီများအဖြစ် လေးစားမှုရှိသည်။

၃။ နာဂအမျိုးသား ပါတီသည် ဌာနေတိုင်းရင်းသားအား လုံးငြိမ်း ချမ်းစွာ ယှဉ်တွဲ နေထိုင်ရေး၊ တရားမျှတရေး၊ သာတူညီမျှအခွင့်အရေးရရှိရေးနှင့် အုပ်ချုပ်ရေး အာဏာတို့ ကိုခွဲဝေကျင့်သုံးရေး၊ အစရှိသည့် အခြေခံတို့ဖြင့်တည်ဆောက်ထား သော ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို ယုံကြည်သည်။

၄။ နာဂအမျိုးသားပါတီသည် ဖက်ဒရယ်ပြည် ထောင်စုစနစ်ကို ယုံကြည်သည် နှင့်အညီတိုင်းရင်းသားလူမျိုးအသီးသီးတို့၏ နိုင်ငံရေး ဆိုင်ရာအခြေခံ ရပိုင်ခွင့် တို့ကို လူမျိုးစု အားလုံးတန်းတူညီမျှစွာကျင့်သုံးနိုင်ရမည်ဟု ယုံကြည်သည်။

၅။ နာဂအမျိုးသားပါတီသည် နာဂတောင်တန်း ဒေသနှင့် နာဂလူမျိုးများ နေထိုင်ရာ ဒေသအသီးသီးရှိ ပြည်သူများအနေဖြင့် မိမိတို့တစ်ဦး ချင်းစီ၏ နိုင်ငံသားအခွင့်အရေး များနှင့်စီးပွားရေး၊ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာရေခံမြေခံ ကောင်းများ ကို ဖြစ်ထွန်းခိုင်မာ လာစေရန်ဆောင်ရွက်နိုင်မှသာ နာဂတောင်တန်းဒေသ တစ်ခုလုံးနှင့် နာဂလူမျိုးများ နေထိုင် ရာအရပ်ဒေသများအတွင်းရှိ ပြည်သူများ၏ဘဝသာ ယာဝပြောလျှက် နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်မည်ဟု ယုံကြည်သည်။

**(ခ) စီးပွားရေးမူဝါဒ**

၁။ နာဂအမျိုးသားပါတီသည် စီးပွားရေးကဏ္ဍတွင် ဈေးကွက် စီးပွားရေးစနစ်ဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြံဆောင်အား ထုတ်ရမည်ဟု ယုံကြည်သည်။

၂။ ဈေးကွက်စီးပွားရေးမူဝါဒအရ ငွေကြေးနှင့်အရင်းအနှီးအင်အားကိုအခြေခံလျှက် ဈေးကွက်တွင် လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသော်လည်း ဒေသခံပြည်သူများနှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သောအားဖြင့် ဈေးကွက် ယှဉ်ပြိုင်မှု အား လိုအပ်ပါက ဗဟိုအစိုးရအနေဖြင့်သော်လည်းကောင်း၊ ဒေသအစိုးရအ နေဖြင့်သော် လည်းကောင်း၊ ထိန်းညှိပေးသင့်သည်ဟုယုံကြည်သည်။

၃။ နာဂအမျိုးသားပါတီသည် နာဂဒေသရှိ ပြည် သူများနှင့် နာဂ တစ်မျိုးသားလုံး၏ စီးပွားရေးရည်မှန်းချက်အားပြည့်ဝနိုင်စေရန်အလို့ငှာ ဒေသခံပြည်သူ အရောက်တိုင်းသည် မိမိတွင်ရှိသောအရင်းအနှီး (သို့မဟုတ်) အရည် အချင်းနှင့် ထိုက်သင့် သည့်အလုပ် အကိုင် အခွင့်အလမ်းနှင့်အကျိုးခံစားခွင့်တို့ကိုရရှိကာ မိမိတို့၏ လူမှုဘဝများတိုး တက်ဖွံ့ဖြိုး လာ စေရေးကိုကြိုးပမ်းအားထုတ်ရမည်ဟု ယုံကြည် သည်။

**(ဂ) လူမှုရေးဆိုင်ရာမူဝါဒ**

၁။ နာဂအမျိုးသားပါတီသည်နာဂလူမျိုးများနေထိုင် ရာအရပ် ဒေသများရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအသီးသီးတို့၏ မတူညီကွဲပြား သော ဘာသာ စကား၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းစဉ်လာများတို့ကိုလေးစားတန် ဘိုးထားသည်။

၂။ နာဂအမျိုးသားပါတီသည် နာဂလူမျိုးများနှင့် ပြည်သူ တစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေး၊ အစရှိသည့် လူမှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အဦးများကို ပြည်မနှင့်မခြား တပြေး ညီခံစားရရှိကာ မိမိဒေသရှိပြည်သူတို့၏ လူမှုဘဝအဆင့်အတန်းများ ပိုမို တိုးတက်မြင့် မားလာစေရန် ကြိုးပမ်း အားထုတ်ရမည်ဟု ယုံကြည်သည်။

**(ဃ) တိုင်းရင်းသားလူမျိုးများရေးရာမူဝါဒ**

၁။ နာဂအမျိုးသားပါတီသည် နာဂတောင်တန်းဒေ သနှင့်နာဂလူမျိုးများနေထိုင်ရာ အရပ်ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးများအား ပြည် ထောင်စုတိုင်းရင်းသား ညီနောင်များအဖြစ် အသိအမှတ်ပြုလက်ခံသည်နှင့် အညီ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ အချင်းချင်း ရင်းနှီးချစ်ကြည်ရေး၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အေးချမ်းစွာယှဉ်တွဲနေထိုင်ရေးနှင့် လူမျိုးတစ်မျိုးနှင့် တစ်မျိုးအပြန်အလှန် အသိအမှတ်ပြု လေးစားရေးတို့ကို အားပေးထောက်ခံသည်။

**အခန်း(၄)**
**ဖွဲ့စည်းပုံ**

**၄။ (က) ပါတီဆိုင်ရာအသုံးအနှုန်းနှင့်အဓိပ္ပယ်သတ်မှတ်ချက်များ**

၁။ **ပါတီလိုလားသူ** (Party Sympathizer)။ ပါတီမဝင်ရသေးသည့်၊ ပါတီ ထောက်ခံသူများ၊ (သို့မဟုတ်) ပါတီဝင်ရန်စိတ်ဝင်စားသူများ။

၂။ **ပါတီဝင်** (Party Member)။ ပါတီ၏မူဝါဒနှင့်ရပ်တည်ချက်များတို့ကို ယုံကြည်ထောက်ခံလျှက် ပါတီ၏ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန်အသင့် ရှိသော အဖွဲ့ဝင်များအဖြစ်ပါတီဝင်လျှောက်လွှာပုံစံဖြင့်မှတ်ပုံတင်ကာ ပါတီဝင်ခွင့်ပြုပြီး သူများကိုဆိုလိုသည်။

၃။ **ပါတီအမာခံ** (Party Cadre)။ ပါတီ၏လုပ်ငန်းစဉ်အသီးသီးအတွက် တာဝန် ထမ်းဆောင်ရန် သီးသန့်ရွေးချယ်လေ့ကျင့်ပေးထားသည့် ပါတီ၏အမာခံအဖွဲ့ဝင်များ၊ (ဥပမာ– မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ စသည့်နယ်မြေဆိုင်ရာ စည်းရုံးရေးကော်မတီ ဝင်များနှင့် အမှုဆောင်အဆင့်ဆင့်များ)။

၄။ **အဆင့်မြင့်ပါတီဝင်**(Senior Party Member)။ နာဂလူမျိုးများနေထိုင်သော ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်ရှိသော မြို့နယ်ပါတီစည်းရုံးရေးအလုပ်

အမှုဆောင်များ၊ ပါတီနာယကများ၊ ပါတီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှု ဆောင်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ တို့ကိုဆိုလိုသည်။

၅။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီ**(Central Executive Committee)။ ပါတီဗဟို၏လုပ်ငန်းများ၊ မူဝါဒရေးရာများ၊ စည်းမျဉ်းစည်းကမ်းများတို့ကို ကိုင်တွယ် ဆောင်ရွက်ညွှန်ကြားရန် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စသည့်အဖွဲ့ဝင်များပါဝင်သည့် ကော်မ တီ ကိုဆိုလိုသည်။

**၆။ ပါတီဗဟိုအတိုင်ပင်ခံအဖွဲ့**

ပါတီဗဟိုအတိုင်ပင်ခံအဖွဲ့သည် ပါတီ၏ ရေတိုရေရှည် မူဝါဒများကိုအကြံပြု ရေးဆွဲနိုင်ရန် အဆင့်မြင့်ပါတီဝင်များထဲမှ သတ်မှတ်ထားသည့်အရေအတွက်အတိုင်းဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။

**၇။ ပါတီညီလာခံ**(Party General Conference)။

(က) မြန်မာနိုင်ငံတွင်းရှိ နာဂလူမျိုးများအား ကိုယ်စားပြုဖွဲ့စည်းထားသော ပါတီ၏ ဗဟိုအဆင့်၊ မြို့နယ်နှင့်ရပ်ကျေးအသီးသီး ရှိလက်အောက်ခံပါတီခွဲများအားလုံးပါဝင်သည့် ပါတီ၏အမြင့်ဆုံးသောညီလာခံဖြစ် သည်။ ပါတီ ၏အမြင့်ဆုံးသော လုပ်ပိုင်ခွင့်ရှိသည့်အစည်းအဝေးကြီးဖြစ်သည်နှင့်အညီ၊ ဒီမိုကရေစီ ကျင့်စဉ်တို့ကို အဆင့်အမြင့်ဆုံးလက်တွေ့ ကျင့်သုံးသည့် လူထုအစည်းအဝေးကြီးဖြစ်သည်။

(ခ) ပါတီ၏ အဆင့်အမြင့်ဆုံးညီလာခံကြီးကို အောက်ပါအတိုင်းစည်းရုံးကျင်းပရမည်။

(၁) ရပ်ကွက်၊ ကျေးရွာညီလာခံများကျင်းပ၍မြို့နယ်ညီလာခံကိုယ်စားလှယ်များ ကို သတ်မှတ်သည့်အရေအတွက်အတိုင်း ဒီမိုကရေစီနည်းလမ်းများနှင့်အညီရွေးချယ်ရ မည်။

(၂) မြို့နယ်ညီလာခံကျင်းပ၍ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနာဂဒေသဆိုင်ရာ ကိုယ်စားလှယ်များကို သတ်မှတ်သည့်အရေအတွက်အတိုင်း ဒီမိုကရေစီနည်းလမ်းများအတိုင်းရွေးချယ်ရမည်။

(၃) ပြည်နယ်၊ တိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ နာဂလူမျိုး ကိုအခြေခံသည့်အရပ်ဘက်အသင်းအဖွဲ့တို့၏ ဗဟို များမှစေလွှတ်သော ကိုယ်စားလှယ်များနှင့် လက်ရှိဗဟိုဦးစီးကော်မတီဝင်များ၊ စသည့် ကိုယ်စားလှယ်များဖြင့် အမျိုးသားအဆင့်ပါတီညီလာခံကို ဦးဆောင်ကျင်းပရမည်။

(၄) အမျိုးသားအဆင့်ပါတီညီလာခံကို အများဆုံးငါးနှစ် တစ်ကြိမ်သတ်မှတ်ပြီး ရွေးကောက်ပွဲတစ်ခုမတိုင်မီနောက်အကျဆုံး ၂ နှစ်ကြိုတင်၍ကျင်းပရမည်။

**(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ**

(၁) မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မတီဝင်များထဲမှ သတ်မှတ်သည့်အရေအတွက်အတိုင်း သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေ သ အလုပ်အမှုဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့်ဖွဲ့စည်းရမည်။

(၂) ပါတီ၏လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်အတွက် လုပ်ငန်းဆပ်ကော်မတီများ၊ ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန် ပေးရမည်။

(၃) ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းမှု၊ လုပ်ငန်း ဆောင်ရွက် မှုတို့ကို ကြီးကြပ်ရမည်။

**(ဂ) ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မတီ**

(၁) ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်ကော်မတီကို ရပ်ကွက်၊ ကျေးရွာ အတွင်းရှိပါတီဝင်များထဲမှ သတ်မှတ်သည့်အရေအတွက်အတိုင်း မြို့နယ်အလုပ်အမှု ဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့်ဖွဲ့စည်းရမည်။

**(ဃ) ပါတီဝင်စည်းကမ်းများ**

(၁) ပါတီဝင်တိုင်းသည် ပါတီ၏နိုင်ငံရေးသဘောထား၊ စည်းလုံးညီညွတ် ရေးနှင့်ပါတီ၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားစေမည့်အကြောင်းကိစ္စများကို မည်သည့် နည်းနှင့်မျှ လုပ်ဆောင်ခြင်းမပြုရ။

(၂) ပါတီတွင်း ဂိုဏ်းခွဲခြင်း၊ သင်းခွဲအုပ်စုဖွဲ့ခြင်း၊ အစရှိသည့်ပါတီစည်းလုံးမှု ကို ပျက်ပြားပြိုကွဲစေသည့် လုပ်ရပ်များကို အလျဉ်းမလုပ်ရ။

(၃) ပါတီတွင်း ကိစ္စရပ်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်ပေးချက်မရှိဘဲ သတင်းမီဒီယာများနှင့် ပါတီပြင်ပတွင်ဆွေးနွေးခြင်း၊ သတင်းထုတ်ပြန် ခြင်းတို့ကို ရှောင်ကျဉ်ရမည်။

(၄) ပါတီဝင်တိုင်းသည် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်၏ အသုံးချခံမဖြစ်စေရေး အတွက် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

(၅) ပါတီဝင်တိုင်းသည် အခါအားလျော်စွာ သတ်မှတ်ထားသော ပါတီဝင်ကြေး၊ လစဉ်ကြေးများကို ထည့်ဝင်ကြရမည်။

(၆) ပါတီဝင်တိုင်းသည် ပါတီဝင်ကတိသစ္စာကြိမ်ဆိုမှုပြုထားသည့် အတိုင်းလိုက်နာကျင့်သုံးရမည်။

**(င) လုပ်ပိုင်ခွင့်များ**

(၁) ပါတီဝင်တိုင်းသည်နာဂအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် အပြုသဘောဝေဖန်အကြံပြု ချက်များကို ပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့ သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဆွေးနွေးတင်ပြ ခွင့်ရှိသည်။

(၂) ပါတီဝင်တိုင်းသည် သတ်မှတ်ထားသည့် သက်ဆိုင်ရာပါတီအဖွဲ့အစည်း တာဝန်များ၌ မိမိကိုယ်တိုင်ဝင်ရောက်ရွေးချယ်ပိုင်ခွင့်နှင့်အခြားသူများအားရွေးချယ်တင် မြှောက်ခွင့်ရှိသည်။

(၃) ပါတီဝင်တိုင်းသည် ပါတီတွင်းမကြေလည်မှုများရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်အတွင်းတင်ပြဆွေးနွေး၍ ညှိနှိုင်းခွင့်ရှိသည်။ ပြေလည်မှုမရ သေးပါက ယင်းအဖွဲ့အစည်းမှတစ်ဆင့် ပါတီ၏ အထက်အဖွဲ့အစည်းသို့ ဆက်လက်တင်ပြ ခွင့်ရှိသည်။

**(စ) အရေးယူအပြစ်ပေးခြင်း**

(၁) ပါတီဝင်များသည် သတ်မှတ်ထားသည့် ပါတီစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သည်ဟု ယူဆပါက သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်တို့က ခေါ်ယူဆွေးနွေးရမည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်၏ တင်ပြချက်အရ စည်းမျဉ်းစည်းကမ်းများဖောက်ဖျက်ကြောင်းယူဆပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်ပေးချက် အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက စုံစမ်းစစ်ဆေးရမည်။ စည်းကမ်းထိန်းသိမ်း ရေး ကော်မတီ၏ တွေ့ရှိချက်၊ အကြံပြုချက်များအပေါ်မူတည်၍ ဗဟိုအလုပ်အမှု ဆောင်ကော် မတီက လိုအပ်သလိုအရေးယူဆောင်ရွက်ရမည်။

(၃) အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက သတိပေးခြင်း၊ ပါတီတာဝန်အဆင့်ဆင့် လျှော့ချခြင်း၊ တာဝန်မှရုပ်ဆိုင်းခြင်းနှင့် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊ စသည့် အရေးယူမှုများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက လုပ်ပိုင်ခွင့်ရှိသည်။

(၄) ပါတီဝင်တစ်ဦးသည် အရေးယူအပြစ်ပေးခံရမှုကို ကျေနပ်မှုမရှိပါက ပါတီဗဟိုအကြံပေးအဖွဲ့သို့လည်းကောင်း၊ နောက်ဆုံးတွင်အမျိုးသားအဆင့် ကျင်းပသော ပါတီညီလာခံသို့လည်းကောင်း၊ အယူခံတင်သွင်းခွင့်ရှိသည်။ သို့သော်၊ အဆိုပါညီလာခံသို့အယူခံ မဝင်မီအထိ ပါတီ၏ တာဝန်များအားလုံးရပ်ဆိုင်းထားရမည်။

## အခန်း (၅)
## လွှတ်တော်ဆိုင်ရာကိစ္စရပ်များ

၅။ (က) ပါတီဝင်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပါတီ၏မူဝါဒလမ်းစဉ်များကို ကိုယ်စားပြု၍ ရွေးကောက်ပွဲတွင်ဝင်ရောက်အရွေးချယ်ခံခဲ့သူဖြစ်သောကြောင့် လွှတ်တော် အတွင်း၌ ပါတီ၏မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ပါတီကိုယ်စားပြုသော နာဂဒေသများနှင့်ထိုဒေသ များရှိပြည်သူလူထုတို့၏အကျိုး၊ မိမိတို့ပါတီအကျိုးအပြင်၊ မိမိ၏မဲဆန္ဒနယ်မြေရှိမဲဆန္ဒ ရှင်ပြည်သူတို့၏အကျိုးကိုလည်းကောင်း၊ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး၊ ကိုယ်ကျိုး အတွက်ဆောင်ရွက်ခြင်းမျိုးကိုရှောင်ရှားရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အတွင်းလုပ်ငန်းများဆောင်ရွက် ရာတွင် မိမိတို့ပါတီ၏ လုပ်ဖော်ဆောင်ဖက်လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်း တိုင်ပင်၍ ပါတီ၏မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အတွင်းမိမိပါတီမှ လွှတ်တော် ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ဆက်ဆံရာ တွင် ယဉ်ကျေးသိမ်မွေ့စွာပြောဆိုခြင်းဖြင့် မိမိ၏ဂုဏ်သိက္ခာနှင့်ပါတီ၏ဂုဏ်သိက္ခာ ကိုစောင့်ထိန်းရ မည်။

(င) လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် သင့်လျော်သည့် ကာလအတွင်း ပါတီမှခေါ်ယူသော လွှတ်တော်ဆိုင်ရာအစည်းအဝေးများသို့ မပျက်မကွက်တက် ရောက်ရမည်။

(စ) ပါတီမှ အခါအားလျော်စွာ ထုတ်ပြန်သော လွှတ်တော်ဆိုင်ရာညွှန်ကြားချက်များ ကိုလေ့လာ၍ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## ပါတီဖွဲ့စည်းပုံစည်းမျဉ်းများပြင်ဆင်ခြင်း

၆။ ပါတီ၏ဖွဲ့စည်းပုံစည်းမျဉ်းများကို ပြင်ဆင်ရန်လိုအပ်ပါက၊ ပါတီဗဟိုအကြံ ပေးအဖွဲ့ အနေဖြင့် လိုအပ်သလိုပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ခွင့်ရှိသည်။ ထိုသို့ပြင်ဆင်ရာတွင် အဆင့်မြင့် ပါတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထဲမှ အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ အတည်ပြု ချက်ကိုရယူရမည်။

## အခန်း (၇)
## အထွေထွေ

၇။ နာဂအမျိုးသားပါတီ၏ ပါတီဌာနချုပ်တည်နေရာကို ဇက်လိန်းခန္တီးမြို့ ၌သတ်မှတ်သည်။

## နိဂုံးချုပ်

နာဂအမျိုးသားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပြည်သူတို့၏အကျိုးစီးပွားကို နိုင်ငံရေးအရ ကိုယ်စားပြုဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းတည်ထောင်ထားရှိသော လူထုနှင့်အမျိုးသားကိုယ်စားပြု နာဂအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းများ၊ ပြည်ထောင်စုအစိုးရမှပြဋ္ဌာန်းသော မူဝါဒနှင့်နည်းဥပဒေများတို့ကိုလည်းကောင်း၊ ပါတီ၏စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒလမ်းညွှန်ချက်များတို့ကိုလည်းကောင်း၊ လေးစားလိုက်နာလျှက် နိုင်ငံတော်နှင့်လူထုအကျိုးကို သစ္စာသမာဓိရှိစွာ ထမ်းရွက်သယ်ပိုးနိုင်မှသာ လူထုကိုယ် စားပြုအမျိုးသားပါတီကြီးအဖြစ် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပေသည်။

ထိုကဲ့သို့လူထုနှင့်အမျိုးသားအကျိုးစီးပွားအတွက်ကိုယ်စားပြုဆောင်ရွက်ကြရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ၊ အသင်းအဖွဲ့အသွင်ဖြင့် စုစည်းကာ ပူးပေါင်းလုပ် ဆောင်သည့် စုစည်းအင်အားသဘောမျိုးဖြင့် အခြားသောလုပ်ဖော်ဆောင် ဖက်များ၊ အသင်းအဖွဲ့များတို့နှင့်လက်တွဲဆောင်ရွက်သွားရန်အရေးကြီးပေသည်။ ဤသို့ ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူတို့၏ကောင်းကျိုးအဖြာဖြာကို ဆောင်ကျဉ်းလျှက် တန်းတူညီတူရှိမှု၊ တရားမျှတမှုတို့ဖြင့် တည်ဆောက်သော ခိုင်မာ သည့်လူမှုအဖွဲ့အစည်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်ကြပါစို့ဟု နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်။